# အမြော်အမြင် ရှိသော ခေါင်းဆောင်မှု

ယဉ်ကျေးမှုပေါင်းများစွာ၌ ဘုရင်နှင့်ဘုရင်မတို့သည် ၎င်းတို့၏ နန်းတက်ပွဲတွင် မင်းမြောက်နန်းတင်ခြင်းခံရပါသည်။ ထီးနန်းဟူသည် တန်ခိုးနှင့် ဩဇာဟူသည့် အမှတ်သင်္ကေတ ဖြစ်လာပါသည်။ သို့သော် ယခု ဂါနာဟုခေါ်သော ရှေးဟောင်းအာဖရိကဘုရင်နိုင်ငံဖြစ်သည့် အရှန် တီတွင်မူ ဘုရင်သည် နန်းတင်မြောက်ခြင်း မခံရသည့်အပြင် ခွေးခြေအဖြစ်သို့ နှိမ့်ချခြင်းကို ခံရသည်။ အောက်တန်းချသည့်ခွေးခြေသည် တော်ဝင်အမှတ် သင်္ကေတဖြစ်လာပြီး ဟိတ်ဟန်ကြီးမှုမရှိပဲ အောက်ကျမှုသည် မင်းမိဖုရားနှင့် မင်းမျိုးမင်းနွယ်တို့၏ အရည်အသွေးအဖြစ် မျှော်လင့်ထားကြသည်။

"ယေရှုသည် ထိုသူတို့ကို ခေါ်တော်မူ၍ သင်တို့သိသည်အတိုင်း လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့မူကား ထိုသို့မပြုကြနှင့်၊ သင်တို့တွင် အကဲအမှူးပြုလိုသောသူသည် သင်တို့အစေခံဖြစ်ရမည်။ သင်တို့တွင် အထွဋ်အမြတ် လုပ်ချင်သော သူသည်လည်း အလုံးစုံတို့၏ စေခိုင်းရာကျွန်ဖြစ်ရမည်။ အကြောင်းမူကား လူသားသည် သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှါလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငှာလည်းကောင်း ကြွလာသတည်းဟု မိန့်တော်မူ၏"

(မာကု ၁၀:၄၂-၄၅)

## "ငါ၏ နိုင်ငံတော်ကို မည်သူ့အား လွှဲထားခဲ့ရမည်နည်း?"

ကြီးမားသော နိုင်ငံတော်ကြီးတစ်ခု၏ ဘုရင်ကြီးသည် အိုမင်းလာ၍ ဤအချိန်သည် သူ၏ သားတော် (၄)ပါးထဲမှ သူ့အား ဆက်ခံမည့်သူကို ရွေးချယ်ရန် အချိန်ဖြစ်သည်ဟု သူဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် သူ၏ နိုင်ငံတော်အား အမွေဆက်ခံရန် ကိစ္စကို ဆွေးနွေးရန်အတွက် သူတို့အား တစ်ကြိမ်လျှင် တစ်ဦးကျ ခေါ်၍ တွေ့ဆုံခဲ့ပါသည်။

ပထမသားတော်သည် ဘုရင်၏ အိပ်ဆောင်ထဲသို့ ဝင်၍ ထိုင်သောအခါ ဘုရင်က "ငါ့သား ခမည်းတော်ဟာ အသက်ကြီးလာပြီး ကြာကြာနေရတော့မှာ မဟုတ်ဘူး။ ခမည်းတော်ရဲ့ဆန္ဒက ဒီနိုင်ငံကြီးကို သားတော်တွေထဲက အသင့်တော်ဆုံးသူကို အပ်နှံခဲ့ချင်ပါတယ်။ တကယ်လို့ သားတော်ကို ဒီနိုင်ငံတော်ကြီး ထားခဲ့မယ်ဆိုရင် သားတော်က နိုင်ငံတော်ကို ဘာပြန်ပေးဆပ်မလဲ?" ဟုမေးခဲ့သည်။

ယခုအခါ ထိုသားတော်သည် အလွန်ချမ်းသာနေ၍ ဤမေးခွန်းကို မေးသောအခါ သူက "သားတော်ဟာ ခနဉစ္စာအလွန်ကြွယ်ဝသောသူဖြစ်ပါတယ်။ အကယ်၍ ခမည်းတော်သာ နိုင်ငံတော်ကို ကျွန်တော်မျိုးနှင့်ထားခဲ့မယ်ဆိုရင် ကျွန်တော်မျိုးချမ်းသာသမျှကို နိုင်ငံတော်ကိုပေးပြီး နိုင်ငံတော်ကြီးဟာ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံဖြစ်လာမှာပါ" ဟု ဖြေခဲ့သည်။

"ကျေးဇူးတင်တယ်သားတော်"ဟု ဘုရင်ကြီးကပြောကာ ရှေ့တော်မှ သူ့ကို ထွက်ခွင့်ပေးလိုက်သည်။

ဒုတိယသားတော်ဝင်လာပြီးလျှင် ဘုရင်ကြီးက "ငါ့သား ခမည်းတော်ဟာ အလွန်အသက်ကြီးလာပြီ။ ကြာကြာနေရတော့မှာမဟုတ်ဘူး။ ခမည်းတော်ရဲ့ဆန္ဒက ဒီနိုင်ငံတော်ကြီးကို သားတော်တွေထဲက အသင့်တော်ဆုံးသူကို အပ်နှံခဲ့ချင်ပါတယ်။ တကယ်လို့ သားတော်ကို ဒီနိုင်ငံတော်ကြီး ထားခဲ့မယ်ဆိုရင် သားတော်က နိုင်ငံတော်ကို ဘာပြန်ပေးဆပ်မလဲ?"

ဤသားတော်သည် ဉာဏ်ပညာအလွန်ထက်မြက်သောကြောင့် ဤမေးခွန်းကို မေးသောအခါ ဤသို့ ပြန်ဖြေပါသည်။ "ကျွန်တော်မျိုးဟာ ဉာဏ်ပညာ လွန်စွာထက်မြက်သူဖြစ်ပါတယ်။ အကယ်၍ ခမည်းတော်သာ နိုင်ငံတော်ကို ကျွန်တော်မျိုးနှင့်ထားခဲ့မည်ဆိုလျှင် ကျွန်တော်မျိုးရဲ့ ဉာဏ်ပညာတွေအားလုံးကို နိုင်ငံတော်ကိုပေးပြီး နိုင်ငံတော်ကြီးဟာလည်း ကမ္ဘာမှာ ဉာဏ်ပညာအထက်မြက်ဆုံးနိုင်ငံဖြစ်လာမှာပါ"

"ကျေးဇူးတင်တယ် သားတော်" ဟု ဘုရင်ကြီးကပြောကာ သူ၏ ရှေ့တော်မှနေ၍ သူ့ကို ထွက်ခွင့်ပေးလိုက်ပါသည်။

တတိယသားတော် ဝင်လာပြီးလျှင် ဘုရင်ကြီးက "ငါ့သား ခမည်းတော်ဟာ အလွန်အသက်ကြီးလာပြီ။ ကြာကြာနေရတော့မှာမဟုတ်ဘူး။ ခမည်းတော်ရဲ့ဆန္ဒက ဒီနိုင်ငံတော်ကြီး ကို သားတော်တွေထဲက အသင့်တော်ဆုံးသူကို အပ်နှံခဲ့ချင်ပါတယ်။ တကယ်လို့ သားတော်ကို ဒီနိုင်ငံတော်ကြီး ထားခဲ့မယ်ဆိုရင် သားတော်က နိုင်ငံတော်ကို ဘာပြန်ပေးဆပ်မလဲ?"

ယခု ဤသားတော်သည် လွန်စွာသန်မာသူဖြစ်သည်။ ထို့ကြောင့် ဤမေးခွန်းကိုမေးသောအခါ သူက ဤသို့ ပြန်ဖြေပါသည်။ "ကျွန်တော်မျိုးဟာ ကြီးမားတဲ့ ခွန်အားရှိ သူဖြစ်ပါတယ်။ တကယ်လို့ ခမည်းတော်ဟာ နိုင်ငံတော်ကို ကျွန်တော်မျိုးနဲ့ထားခဲ့မယ်ဆို ရင် ကျွန်တော်မျိုးရဲ့ ခွန်အားတွေအားလုံးကို နိုင်ငံတော်ကိုပေးပြီး နိုင်ငံတော်ကြီးဟာလည်း ကမ္ဘာမှာ အင်အား အကြီးဆုံးနိုင်ငံဖြစ်လာမှာပါ။"

"ကျေးဇူးတင်ပါတယ်သားတော်"ဟု ဘုရင်ကြီးကပြောကာ သူ့ကိုသွားခွင့်ပေးလိုက်ပါသည်။

စတုတ္ထသားတော်သည် ဝင်လာ၍ သူ့အားလည်း ယခင်သားတော်များနည်းတူ ကြိုဆိုနှုတ်ဆက်၍ မေးခွန်းမေးပါသည်။

ယခု ဤသားတော်သည် ထူးထူးခြားခြား မချမ်းသာပါ။မတော်ပါ။ ခွန်အားမကြီးပါ။ ထို့ကြောင့် သူက ဤသို့ ပြန်ဖြေပါသည်။ "ခမည်းတော် ကျွန်တော်မျိုးရဲ့ အစ်ကိုတွေဟာ ကျွန်တော်မျိုးထက်ပိုပြီးချမ်းသာတယ်။ တော်တယ်။ ခွန်အားရှိတယ်ဆိုတာ ခမည်းတော်သိပါတယ်။ သူတို့တွေ ဒီလိုအရည်အချင်းမျိုးတွေရှိအောင် နှစ်ပေါင်းများစွာ အချိန်ကုန်နေတဲ့အချိန်မှာ ကျွန်တော်မျိုးရဲ့ အချိန်တွေကို ခမည်းတော်ရဲ့ နိုင်ငံတော်ထဲမှာရှိတဲ့ လူတွေကြားထဲမှာ အသုံးပြုခဲ့ပါတယ်။ ကျွန်တော်မျိုးဟာ သူတို့ရဲ့ နာမကျန်းဖြစ်မှုနဲ့ ဝမ်းနည်းပူဆွေးမှုတွေကို မျှဝေခံစားခဲ့ပြီး သူတို့ကိုချစ်ဖို့ သင်ယူခဲ့ပါတယ်။ ခမည်းတော်ရဲ့ နိုင်ငံတော်အတွင်းမှာ ရှိတဲ့လူတွေကို ကျွန်တော်မျိုးပေးနိုင်တဲ့ တစ်ခုတည်းသောအရာက မေတ္တာပဲဖြစ်ပါတယ်။ ကျွန်တော်မျိုးရဲ့ အစ်ကိုတွေဟာ ကျွန်တော့်ထက်ပိုပြီးတော့ ကမ်းလှမ်းနိုင်မယ်ဆိုတာ ကျွန်တော်သိပါတယ်။ဒါကြောင့် ခမည်းတော်ကို ဆက်ခံမယ့်သူစာရင်းမှာ ကျွန်တော်မျိုးရဲ့ နာမည်မပါရင်လည်း စိတ်ပျက်မှာ မဟုတ်ပါဘူး။ ကျွန်တော်မျိုးဟာ အရင်လုပ်ခဲ့တဲ့ အလုပ်တွေကိုဘဲ ရိုးရိုးလေး ဆက်လုပ်သွားပါမယ်"

ဘုရင်ကြီး နတ်ရွာစံသောအခါ လူအများသည် သူတို့အား အုပ်ချုပ်မည့်သူ၏သတင်းကိုစိုးရိမ်တကြီး စောင့်မျှော်နေကြပါသည်။သူတို့၏ ဘုရင်အသစ်သည် စတုတ္ထသားတော်ဖြစ်သည်ကို ကြားရသောအခါ သူတို့သည်ကြီးစွာသောဝမ်းမြောက်ဝမ်းသာခြင်းဖြစ်ကြရပါသည်။ (Donald E.Wildmon)